


VOLUME X, ISSUE 8 8 November 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဘားအံမြို့၌ (၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားပြုလုပ် | ၁ |
| ၂ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့များက ရှမ်းပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက် | ၂ |
| ၃ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၄ |
| ၄ | တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူသော Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေး လေးသန်း (ဆဋ္ဌမအသုတ်) ထပ်မံရောက်ရှိ | ၆ |
| ၅ | ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျဆက်လက် လက်ခံလျက်ရှိ | ၇ |
| ၆ | ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုက်ပွဲရှောင်ပြည်သူများကို ငွေ၊ စားသောက်ကုန် များနှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ | ၉ |
| ၇ | ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု(ခ)ဂျင်မီ (၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)အား ဖမ်းဆီးရမိ | ၁၀ |

# Information Sheet

## ဘားအံမြို့၌ (၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားပြုလုပ်



(၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို နိုဝင်ဘာလ ၇ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးမြက်ခင်းပြင်၌ ကျင်းပခဲ့ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

- အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် ၂၀၂၁ ခုနှစ် (၆၆) နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဖတ်ကြား။
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များက ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးနှင့် ပြခန်းများအား ဖွင့်လှစ်ပေးခဲ့။
- ကရင်ရိုးရာ ဒုံးအကများဖြင့် ဖျော်ဖြေတင်ဆက်ကပြခဲ့ကြရာ တိုင်းရင်းသားပြည်သူများ နှင့်အတူ ကြည့်ရှုအားပေးခဲ့။

အခမ်းအနားသို့ တက်ရောက်လာကြသည့် ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်ဂုဏ်ထူးဆောင် ထူးချွန်ဆုရရှိသူ ၆၀ ကျော်အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြပြီး တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

**(မြန်မာ့အလင်း ၈-၁၁-၂၀၂၁ )**




(၆၆)နှစ်မြောက် ကရင်ပြည်နယ် အခမ်းအနားနေ့သို့ တက်ရောက်လာကြသူများ၏ စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံ

- (၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနား ကျင်းပခဲ့ရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့။
- ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့် ပြခန်းများအား ဖွင့်လှစ်ပေးခြင်းနှင့် ပြည်နယ်ဂုဏ်ထူးဆောင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ခဲ့။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့များက ရှမ်းပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်





ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့များက အောက်တိုဘာ ၂၉ ရက်နေ့မှ စတင်ပြီး ရှမ်းပြည်နယ်အတွင်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) သို့လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့လည်းကောင်း၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) သို့ လည်းကောင်း ကွင်းဆင်းလျက်ရှိရာ-

- ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများသို့ သွားရောက်စစ်ဆေးခဲ့ခြင်း။
- ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ပိုးတွေ့ရှိမှုများ ပတ်သက်၍ ဆွေးနွေးခဲ့ခြင်း။
- ကျန်းမာရေးဝန်ကြီးဌာနမှ RDT Test kit များနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ (PPE) ကို မြို့နယ်များသို့ ထောက်ပံ့ပေးအပ်ခဲ့ခြင်း။
- ကိုဗစ်-၁၉ ရောဂါနှင့်ပက်သက်၍ ဓာတ်ခွဲစစ်ဆေးမှုများအား နှစ်ဆခန့်တိုးမြှင့် ဆောင်ရွက်နိုင်ခြင်း။
- ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများအား ရောဂါကာကွယ်ထိန်းချုပ်ရေးဗျူဟာတစ်ရပ်အနေဖြင့် အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့နယ်များအနက်မှ တောင်ကြီး၊ ပင်လောင်း၊ ဆီဆိုင်၊ ရပ်စောက်၊ ဟိုပုံး၊ ရွာငံ၊ လွိုင်လင်၊ နမ့်စန်၊ လင်းခေးနှင့် ပင်းတယမြို့နယ် တို့တွင် စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်မည် ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁၁-၂၀၂၁)**





**ဒုတိယဝန်ကြီးနှင့်အဖွဲ့များက ရှမ်းပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်နေမှု**

- **ဒုတိယဝန်ကြီးနှင့်အဖွဲ့များက ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများသို့ သွားရောက်စစ်ဆေးခဲ့ပြီး၊ RDT Test kit များနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ (PPE) များကို မြို့နယ်များသို့ ထောက်ပံ့ပေးအပ်ခဲ့။**
- **ကိုဗစ်-၁၉ ရောဂါနှင့်ပက်သက်၍ ဓာတ်ခွဲစစ်ဆေးမှုများအား နှစ်ဆခန့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့။**
- **စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများအား ရောဂါကာကွယ် ထိန်းချုပ်ရေးဗျူဟာတစ်ရပ်အနေဖြင့် အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိ။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၅၂ ဦးနှင့် အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၁၀၀ ဦးအားလက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၇ ရက်တွင် ၃၄,၇၃၃ ဦး ရှိခဲ့ပြီး စုစုပေါင်း ၁,၁၆၉,၄၄၃ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါလူနာများကုသရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ လားရှိုးမြို့၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြိတ်မြို့နှင့် ကော့သောင်းမြို့၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့များသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့။
- မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားပြုလုပ်ပေးပြီး၊ ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၇ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၃ ခုမှ ယာဉ်စီးရေ ၃ စီးဖြင့် အောက်စီဂျင် (အရည်) Bowser ၁ စီးဖြင့် တန် ၂၀၊ Oxygen Plant ၁ခု၊ အိမ်သုံး အောက်စီဂျင် (Oxygen Concentrator ) ၈၀ ခု၊ PPE ဝတ်စုံ ၁၀၀၀နှင့် နှာခေါင်းစည်း (Mask) ၃ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်

လျှက်ရှိရာ နိုဝင်ဘာလ ၇ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၃,၀၆၅ ခုအားစစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ် ၈၁၈ ဦးဖြင့် ပိုးတွေ့ရှိမှု ၃ ဒသမ ၅၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၇-၁၁-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၀၃၁,၁၁၁ခု အားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၀၆,၈၁၆ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၈၂၁ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁၁-၂၀၂၁)**



ပြည်ပမှ အောက်စီဂျင်(အရည်)နှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများ တင်သွင်းနေသည့် မှတ်တမ်းဓာတ်ပုံ




မြစ်ကြီးနားမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာသည့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများအား တာဝန်ရှိသူများမှ လက်ခံနေပုံ



ဟိုပန်မြို့တွင် ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



ကော့သောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၇ ရက်တွင် ၃၄,၇၃၃ ဦးရှိခဲ့ပြီး စုစုပေါင်း ၁,၁၆၉,၄၄၃ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၇-၁၁-၂၀၂၁ ရက်အထိ အတည်ပြုလူနာစုစုပေါင်း ၅၀၆,၈၁၆ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၈၂၁ ဦးရှိခဲ့။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူသော Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေး လေးသန်း (ဆဋ္ဌမအသုတ်) ထပ်မံရောက်ရှိ






**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူသော Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာမှု မှတ်တမ်းဓာတ်ပုံ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကာကွယ်ဆေး ၂၄ သန်း doses ကို စာချုပ် ချုပ်ဆိုဝယ်ယူထားသည့်အနက် နောက်ဆုံးအသုတ်(ဆဋ္ဌမအသုတ်) အဖြစ် ကာကွယ်ဆေး လေးသန်း doses သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုဝင်ဘာလ ၇ ရက်တွင် ထပ်မံရောက်ရှိလာခဲ့ပါသည်-

- ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများကို တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုအပ်ချက်အရ မြေပြင်ခရီးလမ်းကြောင်းမှလည်းကောင်း၊ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့၏အကူအညီဖြင့် လေကြောင်းခရီးမှလည်းကောင်း အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်။
- ရောက်ရှိလာသော ကာကွယ်ဆေးများနှင့် လက်ကျန်ရှိသောကာကွယ်ဆေးများကို ၂၀၂၁ခုနှစ် ဒီဇင်ဘာလအတွင်း ရည်မှန်းဦးတည်အုပ်စုများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပေးသွားမည်ဖြစ်။
- ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ပြည်သူများအတွက်လည်း တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိ။
- ၆-၁၁-၂၀၂၁ ရက်အထိ လူဦးရေစုစုပေါင်း ၁၃.၉ သန်း အား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၈.၂၄ သန်းနှင့် ပထမအကြိမ် ထိုးနှံ ပြီးစီးသူ ၅.၆၅ သန်းရှိကာ မြန်မာနိုင်ငံတွင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၂၂.၁၅ သန်း ထိုးနှံပြီးဖြစ်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာ ကွယ်ဆေးကို မပျက်မကွက်အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံမှုရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံမှုကို သတ်မှတ်ရက်တွင်(သို့မဟုတ်)အနီးဆုံးသတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ် ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင်တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

**(မြဝတီသတင်းစာ ၈-၁၁-၂၀၂၁)**

- တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကာကွယ်ဆေး ၂၄ သန်းအနက်မှ နောက်ဆုံးအသုတ် (ဆဋ္ဌမအသုတ်) အဖြစ် ကာကွယ်ဆေး လေးသန်း ထပ်မံရောက်ရှိခဲ့။
- ရောက်ရှိလာသော ကာကွယ်ဆေးများနှင့် လက်ကျန်ရှိသော ကာကွယ်ဆေးများကို ၂၀၂၁ခုနှစ် ဒီဇင်ဘာလအတွင်း ရည်မှန်းဦးတည်အုပ်စုများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ကာကွယ်ဆေး နှစ်ကြိမ် အပြည့်ထိုးနှံပေးသွားမည်ဖြစ်။
- ၆-၁၁-၂၀၂၁ ရက်အထိ လူဦးရေစုစုပေါင်း ၁၃.၉ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၈.၂၄ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅.၆၅ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၂၂.၁၅ သန်း ထိုးနှံပြီးဖြစ်။

---

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျဆက်လက် လက်ခံလျက်ရှိ



ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာလ ၁ ရက်မှ ၇ ရက်အထိ-

- ကချင်ပြည်နယ်၊ လွယ်ဂျယ်နယ်စပ်ဂိတ်နှင့် ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁၃၀ ဦး၊
- ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁,၉၈၇ ဦး၊
- ရှမ်းပြည်နယ်၊ တာချီလိတ်နယ်စပ်ဂိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၄၃၉ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့။

၂၅-၇-၂၀၂၁ ရက်မှ ၇-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား စုစုပေါင်းမှာ ၄၂,၁၄၉ ဦး ရှိပါသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေး လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၈-၁၁-၂၀၂၁ )**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျဆက်လက် လက်ခံလျက်ရှိ










- ပြည်ပနိုင်ငံများမှ နေရပ်ပြန်သူစုစုပေါင်း ၂,၅၅၆ ဦးတို့သည် လွယ်ဂျယ်၊ ကန်ပိုက်တီ၊ မြဝတီ၊ တာချီလိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့။
- ၂၅-၇-၂၀၂၁ ရက်မှ ၇-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား စုစုပေါင်းမှာ ၄၂,၁၄၉ ဦးရှိ။
- ဌာနဆိုင်ရာတာဝန်ရှိသူများက နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးခြင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့ ပို့ဆောင်ပေးခြင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့။

# ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုက်ပွဲရှောင်ပြည်သူများကို ငွေ၊ စားသောက်ကုန်များနှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့



ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်အတွင်း နေရပ်ပြန်မည့် တိုက်ပွဲရှောင်ပြည်သူများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအား နိုဝင်ဘာလ ၅ ရက်နေ့က အမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ခဲ့ရာ တာဝန်ရှိသူများက တိုက်ပွဲရှောင်ပြည်သူ၊ အိမ်ထောင်စု ၁၇၅ စု အတွက် ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး၊ နေရပ်ပြန်မည့် တိုက်ပွဲရှောင်ပြည်သူများကို အမ်းတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက မော်တော်ယာဉ်များဖြင့် ၎င်းတို့၏နေရပ်အသီးသီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရှိရပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ မိုးစောကျေးရွာအုပ်စုနှင့် ဆွန်လုံ၊ ဟာလျင့်၊ ချောင်းဆုံကျေးရွာများမှ အောင်မင်္ဂလာဘိုးတော်ဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူ၊ အိမ်ထောင်စု ၅၃ စု အတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အခြေခံစားသောက်ကုန်များနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်း ၈-၁၁-၂၀၂၁)**





**နေရပ်ပြန်မည့် တိုက်ပွဲရှောင်ပြည်သူများကို တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် ၎င်းတို့၏နေရပ်အသီးသီးသို့ ကူညီပို့ဆောင်ပေးနေမှု**

- ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်အတွင်း နေရပ်ပြန်မည့် တိုက်ပွဲရှောင်ပြည်သူများကို တာဝန်ရှိသူများက ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ၎င်းတို့၏နေရပ်အသီးသီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရှိရ။
- ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းရှိ ကျေးရွာများမှ တိုက်ပွဲရှောင်ရောက်ရှိနေသော ဒေသခံပြည်သူများကို အစားအစာနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု (ခ)ဂျင်မီ (၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)အား ဖမ်းဆီးရမိ



**ကျော်မင်းယု (ခ) ဂျင်မီအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ**

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ မိုင်းခွဲတိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့သည့် ယခင် ၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း၏ လူထုဆက်ဆံရေးတာဝန်ခံ၊ ယခု အကြမ်းဖက် CRPH/NUG ၏ နိုင်ငံရေးနှင့်လုံခြုံရေး အကြံပေး ကျော်မင်းယု (ခ)ဂျင်မီအား အောက်တိုဘာလ ၂၄ ရက်၊ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ပင်လုံအိမ်ရာဝန်းအတွင်းရှိ အမှတ်(၁၀၉/B) ၂ ထပ်တိုက်နေအိမ်၌ ဖမ်းဆီးရမိခဲ့ပါသည်။

တရားခံကျော်မင်းယု(ခ)ဂျင်မီနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် AK-47 သေနတ် ၆ လက်၊ M-16 သေနတ် ၈ လက်၊ ၁၂ ဗို့ သေနတ် ၂ လက်၊ ဒေသန္တရလုပ်သေနတ် ၁ လက်၊ ကျည်အိမ် ၁၈ ခု တို့အား အဆိုပါ ၂ ထပ်တိုက်နေအိမ်မှ သိမ်းဆည်းရမိခဲ့ပါသည်။

တရားခံ ကျော်မင်းယု(ခ)ဂျင်မီ၏ ထွက်ဆိုချက်များအရ-

- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေးအတွက် သတင်းမီဒီယာများနှင့် ချိတ်ဆက်ကာ ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့။
- ဧပြီလ ၂ ရက်တွင် ၎င်း၏ဇနီးဖြစ်သူ နီလာသိန်းနှင့်အတူ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ သွားရောက်တိမ်းရှောင်ခဲ့။
- ဖောက်ခွဲဖျက်ဆီးခြင်း၊ လက်နက်ကိုင်တိုက်ခိုက်ခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများအား ဆောင်ရွက်ရန် ၂၀၂၁ ခုနှစ်၊ ဧပြီလအတွင်း၌ Moon Light Operation အဖွဲ့အား စောသက်ထွန်း(ခ)နေခြူး(Sky Age Education)၊ ကိုကိုကြီး

(စမ်းချောင်း၊ ၈၈ မျိုးဆက်၊ ငြိမ်း/ပွင့်)၊ သူရကျော်(ခ)နီကို လပ်စ်၊ သန်းအောင်(နိုင်/ကျဉ်းဟောင်း)၊ ရဲဇာနည်(ခ)အူနို (နွေဦးကဲ့ကော်အဖွဲ့)၊ ကျော်ကျော်မိုး(ခ) ဇော်ဝင်းမောင် (၈၈မျိုးဆက်၊ ငြိမ်း/ပွင့်၊ ဖမ်းမိ)တို့နှင့်အတူ စတင်ဖွဲ့စည်း ခဲ့။


- ကျော်မင်းယု(ခ)ဂျင်မီ ခေါင်းဆောင်သော Moon Light Operation အဖွဲ့၊ ဖြိုးဇေယျာသော် ခေါင်းဆောင်သော Yangon Urban Guerilla-YUG အဖွဲ့နှင့် ဝေဖြိုးဟန် ခေါင်းဆောင်သော ရန်ကုန်တိုင်း PDF အဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသူ/ကျောင်းသားများ၊ ဆရာ/ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုများဖြင့် အကြမ်းဖက်စစ်ဆင်ရေး တစ်ရပ်အား ၂၀၂၁ ခုနှစ်၊ မေလတွင်စတင်ဆောင်ရွက်ခဲ့။
- အပြစ်မဲ့ပြည်သူများကို ထိတ်လန့်တုန်လှုပ်အောင် ခြိမ်းခြောက်နိုင်ရေးအတွက် အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်း၊ NLD ပါတီဝင်မဟုတ်သော အခြားပါတီဝင်များကို သတ်ဖြတ်ခြင်း၊ NLD ပါတီအား ထောက်ခံမှုမရှိခဲ့သူများကို သတင်းပေး/ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အစိုးရအဆောက်အဦများ၊ ပုဂ္ဂလိကဘဏ်များစသည့် အပြစ်မဲ့ပြည်သူများနှင့် အရပ်ဘက်ပစ်မှတ်များကို ဦးတည်တိုက်ခိုက်ခဲ့။
- ထိုသို့အကြမ်းဖက်တိုက်ခိုက်နိုင်ရေးအတွက် Moon Light Operation အဖွဲ့အား တရားခံပြေး လွင်ကိုလတ်မှ AK-47 နှင့် M-16 အလက် ၃၀၊ ကျည် ဖ၀၀ တောင့်၊ ကျည်ကတ် ၉၀ ခုနှင့် ဗုံးဖောက်ခွဲရန် ကတ်သီး ၅၀၀ ခုအား ပေးအပ်ခဲ့ကြောင်း၊ ၎င်းလက်နက်/ခဲယမ်းများဖြင့် ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့။
- အကြမ်းဖက် NUG မှ D-Day သတ်မှတ်ပေးသည့် စက်တင်ဘာလ ၇ ရက်နောက်ပိုင်းတွင် အကြမ်းဖက် Moon Light Operation အဖွဲ့အနေဖြင့် ကြီးမားသော အကြမ်းဖက်လုပ်ငန်းကြီး – Mission ၈ ခုအား ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီး ကျော်မင်းယု(ခ)ဂျင်မီသည် မဲဆောက်မှ ရန်ကုန်သို့ စက်တင်ဘာလ ၂၂ ရက်တွင် ရောက်ရှိလာခဲ့ကာ ပင်လုံအိမ်ရာဝန်းအတွင်းနေထိုင်၍ အကြမ်းဖက်လုပ်ငန်းကြီး ၈ ခုအား အနီးကပ်ကြပ်မတ်ညွှန်ကြားစေခိုင်းခဲ့။
- အောက်တိုဘာလအတွင်း၌ Mission-1၊ Mission-2 နှင့် Mission-3 အား တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် လှည်းကူးမြို့နယ်များ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ပြီးစီးခဲ့။
- ကျန် Mission-4 ၊ Mission-5 ၊ Mission-6 ၊ Mission-7 ၊ Mission-8 တို့အား ရန်ကင်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒလမြို့နယ်၊ သာကေတမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ လှိုင်သာယာမြို့နယ်တို့တွင် ကြီးမားသော ဖောက်ခွဲဖျက်ဆီးမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုတို့ ပေါင်းစပ်ဆောင်ရွက်ရန် ရည်မှန်းထားခဲ့။
- အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကြီးများ ဖော်ဆောင်နိုင်ရန် လိုအပ်သည့် လက်နက်၊ ခဲယမ်း၊ C-4 ယမ်းတောင့်၊ လက်ပစ်ဗုံး၊ ကတ်သီး၊ Dorne၊ ဂြိုလ်တုဖုန်း၊ ရေဒီယိုစကားပြောစက်၊ ငွေကြေးနှင့် နည်းပညာပံ့ပိုးနိုင်ရေးအတွက် အကြမ်းဖက် NUG/CRPH/ NUCC အဖွဲ့ဝင်များဖြစ်ကြသည့် တရားခံပြေး ရည်မွန်၊ ဇော်ဝေစိုး၊ မန်းဝင်းခိုင်သန်း၊ အောင်ကြည်ညွန့်၊ လွင်ကိုလတ်၊ ဝင်းမြတ်အေး၊ ထင်လင်းအောင်၊ မိုးဇော်ဦး၊ ဖြူဖြူသင်း၊ မင်းကိုနိုင်၊ ဂျင်မီတို့သည် အပတ်စဉ် Zoom Meeting ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအား အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် NUG/CRPH/NUCC တို့နှင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံ စည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည့် တရားခံ ကျော်မင်းယု(ခ)ဂျင်မီ အား ပုဒ်မ ၅၀၅-က အပြင် ၂၀၁၄ ခုနှစ် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ၊ မတရားအသင်းအက်ဥပဒေ၊ လက်နက်နှင့် ပတ်သက်သောအက်ဥပဒေ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေတို့ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အကြမ်းဖက်တိုက်ခိုက်မှုများတွင် တရားခံ ကျော်မင်းယု(ခ)ဂျင်မီနှင့်အတူပူးပေါင်း ပါဝင်ခဲ့ကြသူများနှင့် ပူးပေါင်းကြံစည်ရာ၌ အဓိကပါဝင်ခဲ့သူ NUG/ CRPH/ NUCC အဖွဲ့ဝင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်ပြီး အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ကြသူများကို လက်ရဖမ်းဆီးနိုင်ရေးအတွက် မိဘပြည်သူများမှရရှိသော သတင်းအချက်အလက်များအား နီးစပ်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ဆက်သွယ် ပေးပို့နိုင်ပါရန် အသိပေး သတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၈-၁၁-၂၀၂၁)**

# ကျော်မင်းယု(ခ)ဂျင်မီ၏ စစ်ကြောချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများတွင် ဦးဆောင်ပါဝင်သူများနှင့် ပတ်သက်ဆက်နွှယ်သူများ အခြေပြဇယား



# ဂျင်မီ ဦးဆောင်သော Moon Light Operation အကြမ်းဖက်အုပ်စု ဖွဲ့စည်းမှု အခြေပြဇယား



ကျော်မင်းယု(ခ)ဂျင်မီ (ဖမ်းမိ)

Moon Light Operation



ကျော်ကျော်မိုး(ခ)<br>ဇော်ဝမ်းမောင်<br>(၈၈ ငြိမ်း/ပွင့်)(ဖမ်းမိ)



ရဲဇာနည်(ခ)အူနို<br>(နွေဦးကုံကော်အဖွဲ့)



စောသက်ထွန်း(ခ)<br>နေခြူး (Sky Age<br>Education)



ကိုကိုကြီး(စမ်းချောင်း)<br>(၈၈ ငြိမ်း/ပွင့်)



သန်းအောင်<br>(နိုင်/ကျဉ်းဟောင်း)



သူရကျော်(ခ)<br>နီကိုလပ်စ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု (ခ) ဂျင်မီ (၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူအဖွဲ့အစည်း)အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် ၀၂၀၀ နာရီချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံအိမ်ရာဝင်းအတွင်းရှိ အမှတ်(၁၀၉/ဘီ) ၂ ထပ်တိုက်နေအိမ်၌ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ





- ပင်လုံအိမ်ယာဝင်းအတွင်းရှိ ၂ ထပ်တိုက်နေအိမ်၌ တရားခံကျော်မင်းယု(ခ)ဂျင်မီနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် AK-47 သေနတ် ၆ လက်၊ M-16 သေနတ် ၈ လက်၊ ၁၂-မို့ သေနတ် ၂ လက်၊ ဒေသန္တရလုပ်သေနတ် ၁ လက်၊ ကျည်အိမ် ၁၈ ခု တို့အား သိမ်းဆည်းရမိခဲ့။
- ဖောက်ခွဲဖျက်ဆီးခြင်း၊ လက်နက်ကိုင်တိုက်ခိုက်ခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများအား ဆောင်ရွက်ရန် တရားခံကျော်မင်းယုသည် Moon Light Operation အဖွဲ့အား ဖွဲ့စည်းခဲ့ပြီး ဖြိုးဇေယျာသော် ခေါင်းဆောင်သော Yangon Urban Guerilla-YUG အဖွဲ့နှင့် ဝေဖြိုးဟန် ခေါင်းဆောင်သော ရန်ကုန်တိုင်း PDF အဖွဲ့များနှင့်အတူ ကျောင်းသူ/ကျောင်းသားများ၊ ဆရာ/ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုများဖြင့် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ်အား မေလတွင် စတင်ဆောင်ရွက်ခဲ့။
- အကြမ်းဖက် NUG မှ D-Day သတ်မှတ်ပေးသည့် စက်တင်ဘာလ ၇ ရက်နောက်ပိုင်း အကြမ်းဖက် Moon Light Operation အဖွဲ့သည်  ရန်ကုန်မြို့အတွင်း ကြီးမားသော အကြမ်းဖက်လုပ်ငန်းကြီး - Mission ၈ ခုအားဆောင်ရွက်ရန်စီစဉ်ခဲ့ပြီး မြို့နယ် ၃ ခုတွင် အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ပြီးဖြစ်။
- တရားခံပြေး လွင်ကိုလတ်မှ Moon Light Operationအဖွဲ့သို့ AK-47 နှင့် M-16 အလက် ၃၀၊ ကျည် ၆၀၀ တောင့်၊ ကျည်ကတ် ၉၀ခုနှင့် ဗုံးခွဲရန် ကတ်သီး ၅၀၀ ခုအား ပေးအပ်ခဲ့။
- အကြမ်းဖက်တိုက်ခိုက်မှုကြီးများ လုပ်ဆောင်နိုင်ရန် လိုအပ်သည့် လက်နက်၊ ခဲယမ်း၊ ငွေကြေးနှင့် နည်းပညာပံ့ပိုးနိုင်ရေးအတွက် အကြမ်းဖက်NUG/CRPH/ NUCC အဖွဲ့ဝင်များဖြစ်ကြသည့် တရားခံပြေး ရည်မွန်၊ ဇော်ဝေစိုး၊ မန်းဝင်းခိုင်သန်း၊ အောင်ကြည်ညွန့်၊ လွင်ကိုလတ်၊ ဝင်းမြတ်အေး၊ ထင်လင်းအောင်၊ မိုးဇော်ဦး၊ ဖြူဖြူသင်း၊ မင်းကိုနိုင်၊ ဂျင်မီတို့သည် အပတ်စဉ် Zoom Meeting ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့။